# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

# ၂၅ ရက်မြောက်နေ့အစီအစဉ်

# [၂၃–၈–၂၀၁၃] (သောကြာနေ့)(၁၁၀၀)နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဇော်ထွန်း၊ လပွတ္တာ မဲဆန္ဒနယ်၏

(၁) **နေလှန်းဆားထုတ်လုပ်သော တောင်သူများ၏ လန(၃၉) ရရှိပြီးသော မြေများကို ဘဏ်များ၌ ပေါင်နှံခြင်းကို ခွင့်ပြု ပေးရန် အစီအစဉ် ရှိ/ မရှိ** နှင့်

(၂) **တစ်နှစ်ထက် တစ်နှစ်လုပ်ငန်း အရှုံးပေါ်နေသော ဆားတောင်သူ များ အတွက် နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်စသည်တို့**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးစိုင်းထွန်းစိန်၊ မိုင်းပြင်း မဲဆန္ဒနယ်၏ **မိုင်းပြင်းမြို့နယ်အတွင်း တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအား ရှားပါးစရိတ်၊ လုပ်ခလစာများတိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးသန်းမြင့်၊ ဆားလင်းကြီး မဲဆန္ဒနယ်၏ **ကားလမ်းများ သက်တမ်း မစေ့မီ ပျက်စီးမှု မရှိရန်နှင့် နိုင်ငံတော် ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှု မဖြစ်စေရန်အတွက် ဆောင်ရွက်ပေးရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဒေါ်ဒွဲဘူ၊ အင်ဂျန်းယန် မဲဆန္ဒနယ်၏ **အင်ဂျန်းယန်မြို့နယ်အား ဩဂဲနစ်ဇုန်အဖြစ် သတ်မှတ်ပေးရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးကိုကြီး၊ အောင်မြေသာစံ မဲဆန္ဒနယ်၏ **တောင်သူလယ်သမားများ စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံမျိုးစေ့များကို လွယ်ကူစွာဝယ်ယူ ရရှိနိုင်ရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးစောဘသိန်း၊ သထုံ မဲဆန္ဒနယ်၏ **မြေယာအငြင်းပွားမှု အပေါ်တွင် ဘဝပျက်သည်အထိ နစ်နာမှု ခံစားရသည့် အစွန့်ထမ်းနိုင်ငံသားများ အတွက် မည်သည့်ဦးစီးဌာနမှ တာဝန်ယူကုစားပေးမည်ကို သိလိုသည်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ **“လွှတ်တော်ကိုယ်စားလှယ် တာဝန်မှ ပြန်လည် ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ရှင်းလင်းတင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၇။ အမျိုးသားလွှတ်တော် မှ ပြင်ဆင်၍ အတည်ပြုချက်ဖြင့် ပေးပို့သော **“မြန်မာနိုင်ငံ ကုန်စည် အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ တင်သွင်းခြင်း။

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၂၅ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၆ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။